## မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်နေသော အကြမ်းဖက် စစ်အာဏာရှင်(စကစ)၏ ရက်စက်ကြမ်းကြုတ်သော မိုးဖြဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအား ပြင်းပြင်းထန်ထန်ရှုတ်ချခြင်း။

**၂၀၂၃ ခုနှစ် ဇွန်လ ၁၄ ရက်နေ့**

မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်း မိုးဖြဲမြို့အနီးတဝိုက်မှာ အပြစ်မဲ့ ရွာသား ၂၆ ဦးကို ရက်ရက်စက်စက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်စစ်ကောင်စီ၏ လူမျိုးတုံး သတ်ဖြတ်မှုလုပ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ၈ ရက်အတွင်း မြောက်ဘက်ပိုင်း မိုးဖြဲမြို့ စေတီတော်အနီးတွင် ရွာသား ၁၄ ဦးမှာ စစ်ကောင်စီ၏မညှာမတာ အစုလိုက်အပြုံလိုက် ပစ်သတ်ခြင်း ခံခဲ့ရသည်။ ထို့အပြင် တချိန်တည်းမှာပင် မိုးဖြဲမြို့ အနီးတဝိုက်တွင် အကြမ်းဖက်စစ်ကောင်စီ၏ မော်တာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၂ ဦး ထပ်မံ အသက်ဆုံးရှုံးခဲ့ရ သည်။

ဤကဲ့သို့ ရက်ရက်စက်စက် အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးသွားရသောသူများ၏ မိသားစုများ၊ ဆွေမျိုးများနှင့် အသိုက်အဝန်းတစ်ခုလုံးနှင့်အတူ ယူကြုံးမရ ဝမ်းနည်းရပါသည်။ ဤကဲ့သို့ လူ့စကားနှင့် ဖော်ပြ၍မရသော အမှောင်ထုကြီးကို ဖြတ်သန်းနေသည့်အချိန်တွင် ကျွန်ုပ်တို့၏ အတွေးများ၊ ဆုတောင်း ခြင်းများတွင် မိသားစုများ၊ ဆွေမျိုးများနှင့် အသိုက်အဝန်းတစ်ခုလုံးနှင့်အတူ ရှိနေပါသည်။

ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်များက ပစ်သတ်ခဲ့သည့် အရပ်သား ၆ ဦး၏အလောင်းများကို ရှမ်းရွာသားများက ရှာဖွေတွေ့ရှိခဲ့ပြီး နောက်ထပ်လူ ၅ ဦး၏ ရုပ်အလောင်းများကိုမူ အကြမ်းဖက်စစ် ကောင်စီမှ ပစ်သတ်ခံရမည့်အန္တရာယ်များ ရှိနေသည့်အတွက် ပြန်လည်ယူဆောင်၍ မရရှိသေးကြောင်း သိရှိရပါသည်။ သေဆုံးသူတစ်ဦးမှာ စေတီတော်ဝန်းအတွင်း၌ လဲကျနေစဉ် ဦးခေါင်းကို ရက်စက်စွာ ပစ် သတ်ခံရသည်ကို ဒရုန်းဗီဒီယိုဖိုင်တွင် မြင်တွေ့ရပါသည်။ ထို့အပြင် သေဆုံးသူ ၃ ဦးမှာ ၎င်းတို့အား ဒူး ထောက်ခိုင်းကာ ပစ်သတ်ခဲ့ကြောင်း ပုံစံအနေအထားများ တွေ့ရှိရသည်။ ဇွန်လ ၇ ရက်မှ ၈ ရက်အတွင်း

မိုးဖြူမြို့အနီးတွင် အပြစ်မဲ့ပြည်သူ ၁၄ ဦး သေဆုံးခဲ့သည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း စစ်အာဏာရှင်က ထိုဒေသကို အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီ စစ်သား၏လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် အပြစ်မဲ့ ရွာသား ၁၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် အပြစ်မဲ့အခြားရွာသား ၂၀ ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဤဒေသတွင် အသက်အန္တရာယ်နှင့် အခက်အခဲကြုံတွေ့နေရသော ပြည်သူများအသက်ကို ကယ်တင်ရန်အတွက် ရဲရင့်စွာ စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့ကြသော Free Burma Rangers (FBR) အဖွဲ့သားများနှင့် အခြားသော ပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ လူမျိုးတုံးအစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် အကြမ်းဖက်စစ်ဏာရှင်များသည် ၎င်းတို့၏ လူသားမျိုးနွယ်အပေါ် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ နိုင်ငံတကာအသိုက်အဝန်းများ၊ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အထူးသဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အနေဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အဆုံးသတ်ရန်နှင့် ကျူးလွန်သူများအား တရားမျှတမှုရှိစေရန် ရနိုင်သော နည်းလမ်းအားလုံးကို အသုံးပြု၍ ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ ထပ်မံတောင်းဆိုပါသည်။ ဤရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်စစ်အာဏာရှင်များအား ကူညီပံ့ပိုးခြင်းသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ပိုပြီးကျူးလွန်အောင် ကူညီခြင်းဖြစ်သောကြောင့် တာဝန်ခံရမည်ဖြစ်သည်ကို အထူးသတိထားစေလိုပါသည်။ ဤရက်စက်ကြမ်းကြုတ်မှုတွေမှ ကင်းဝေး၍ တရားမျှတပြီး ငြိမ်းချမ်းသော အနာဂတ် ဖက်ဒရယ်ဒီမိုအရက်တစ် မြန်မာနိုင်ငံအသစ်ကိုသာ မြန်မာပြည်သူလူထုက ထိုက်တန်ပါသည်။

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ